# ဓမ္မခန္ဓာ (၈၃) တာဝန်ဖျက်သူများ (အလ်–မုတွာဖေဖီးန်)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၈၆)၊ သုတ်ဒေသနာ (၃၆)ပါး၊

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **وَيْلٌ لِّلْمُطَفِّفِينَ۞**<br>တာဝန်ဖေါက်ဖျက်သူများ ပျက်စီးရမည်သာတည်း။ |
| ၂။ | **الَّذِينَ إِذَا اكْتَالُواْ عَلَى النَّاسِ يَسْتَوْفُونَ۞**<br>သူတို့သည် လူသားတို့ထံမှ ယူသောအခါ အတိုင်းအဆပြည့် ဖြစ်၍– |
| ၃။<br>ထိုလူ<br>သား | **وَإِذَا كَالُوهُمْ أَو وَّزَنُوهُمْ يُخْسِرُونَ۞**<br>**၎င်း**တို့အား အတိုင်းအဆလျှော့၊ သို့မဟုတ် အလေးချိန်လျှော့၍ လျှော့ပါးပေးကြ၏။ |
| ၄။ | **أَلَا يَظُنُّ أُولَئِكَ أَنَّهُم مَّبْعُوثُونَ۞**<br>သူတို့သည် မတွေးကြသလော၊ သူတို့ ပြန်လည်နိုးထရမည်မှာ– |
| ၅။ | **لِيَوْمٍ عَظِيمٍ۞**<br>ကြီးမားသော နေ့ကာလ ဖြစ်၏။ |
| ၆။ | **يَوْمَ يَقُومُ النَّاسُ لِرَبِّ الْعَالَمِينَ۞**<br>လူသားတို့သည် လောကခပ်သိမ်း၏ ကံကြမ္မာရှင်ထံအတွက် ရပ်တည်ရမည့် နေ့ကာလ ဖြစ်၏။ |
| ၇။ | **كَلَّا إِنَّ كِتَابَ الفُجَّارِ لَفِي سِجِّينٍ۞**<br>အမှန်မှာ– ထိုစည်းဖေါက်သူတို့၏ မှတ်တမ်းသည် အချုပ်ခန်းထဲ၌[၁၃၈] ဖြစ်၏။ |
| ၈။ | **وَمَا أَدْرَاكَ مَا سِجِّينٌ۞**<br>အချုပ်ခန်းဟူသည် သင့်အား မည်သည်က တွေးသိစေမည်နည်း။ |
| ၉။ | **كِتَابٌ مَّرْقُومٌ۞**<br>ယင်းသည် ရေး–ချုပ်ထားသော မှတ်တမ်းဖြစ်၏။ |

**(၁၃၈) ဆိဂ်ျဂျင်န်** သည် ကိုယ်ပိုင်နာမ် ဖြစ်၍ အရက်ကွဲ၊ သိက္ခာကျ၊ ဂုဏ်သိန်နိမ့်ပါးရသော သဘာဝရှိသည့် နေရာဌာန ဖြစ်သည်ဟု ဆရာတော်အများစုက သတ်မှတ်ပေသည်။ သို့သော် အဘူ ဖာ့ဒ် ဂျမာလုဒ္ဒင် မုဟမ္မဒ် ပြုစုသည့် အာရ်ဗီ ဝေါဟာရတ္ထပကာသနီ (လေဆန်းနူလ် အာရဗ်) စာအုပ်တွင် **ဆိဂ်ျဂျင်န်** သည် အကျဉ်းထောင်ဟု အဓိပ္ပါယ်ပေးသည့် **ဆီဂ်ျန်** နှင့် အနက်တူသည်ဟု ဖွင့်ဆိုထားပေသည်။ ဇာ့ဂျာ့ဂ်၊ အဘူ အူဘိုင်ဒါ နှင့် မူဘာရာ့ဒ်တို့ကလည်း အကျဉ်းထောင်ဟုပင် ပြန်ဆိုရေးသားထားပေသည်။ သို့သော် သုတ်တော် (၉) အရ ထိုအကျဉ်းထောင် ဆိုသည်မှာ သူ့လုပ်ရပ်က သူ့အား မှတ်တမ်းအဖြစ် ဖြစ်နေစေသော– မိမိကိုယ်မိမိ အကျဉ်းကျနေစေသော အချုပ်ခန်းဖြစ်ပေသည်။

| | |
|---|---|
| ၁၀။ | وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ ۝<br>ထိုနေ့ကာလ၌ ငြင်းဆန်သူတို့ ပျက်စီးရမည်သာတည်း။ |
| ၁၁။ | الَّذِينَ يُكَذِّبُونَ بِيَوْمِ الدِّينِ ۝<br>သူတို့သည် စီရင်ချက် နေ့ကာလကို ငြင်းဆန်ခဲ့ကြ၏။ |
| ၁၂။ | وَمَا يُكَذِّبُ بِهِ إِلَّا كُلُّ مُعْتَدٍ أَثِيمٍ ۝<br>စည်းပျက်သူ၊ အပြစ်ကောင် ကိုယ်စီမှ အပ ငြင်းဆန်ခဲ့ကြသည် မရှိချေ။ |
| ၁၃။ | إِذَا تُتْلَى عَلَيْهِ آيَاتُنَا قَالَ أَسَاطِيرُ الْأَوَّلِينَ ۝<br>သူ့အား ငါ၏ သုတ်ဒေသနာများကို ဖတ်ပြသောအခါ– "ရှေးဦးလူတို့၏ ဒဏ္ဍာရီပင်၊"ဟု ဆိုခဲ့၏။ |
| ၁၄။ | كَلَّا بَلْ رَانَ عَلَى قُلُوبِهِم مَّا كَانُوا يَكْسِبُونَ ۝<br>အမှန်မှာ၊ ကေန်ဆတ်ဆတ် သူတို့၏ ကျင့်ဆောင်ခဲ့မှုများက သူတို့၏ နှလုံးသားပေါ် ချေးညှော်တက်နေခြင်းသာ ဖြစ်၏။ |
| ၁၅။ | كَلَّا إِنَّهُمْ عَن رَّبِّهِمْ يَوْمَئِذٍ لَّمَحْجُوبُونَ ۝<br>အမှန်မှာ၊ သူတို့သည် ထိုနေ့ကာလ၌ ကံကြမ္မာရှင်၏ထံမှ ပိတ်ပင်ဟန့်တားခံထားရသူများ ဖြစ်ကြ၏။ |
| ၁၆။ | ثُمَّ إِنَّهُمْ لَصَالُوا الْجَحِيمِ ۝<br>တဖန် သူတို့အား ငရဲဘုံ၌ တစ်သားတည်း ဖြစ်စေလတ္တံ့။ |
| ၁၇။ | ثُمَّ يُقَالُ هَذَا الَّذِي كُنتُم بِهِ تُكَذِّبُونَ ۝<br>ထို့နောက် သူတို့အား "ဤသည် သင်တို့ ငြင်းဆန်ခဲ့သော အရာဖြစ်၏၊"ဟု ပြောဆိုလတ္တံ့။ |
| ၁၈။ | كَلَّا إِنَّ كِتَابَ الْأَبْرَارِ لَفِي عِلِّيِّينَ ۝<br>အမှန်မှာ– သူတော်စင်တို့၏ မှတ်တမ်းသည် အမြင့်ဆုံး၌[၁၃၃၉] ရှိ၏။ |
| ၁၉။ | وَمَا أَدْرَاكَ مَا عِلِّيُّونَ ۝<br>အမြင့်ဆုံးဟူသည်– သင့်အား မည်သည်က တွေးသိစေမည်နည်း။ |
| ၂၀။ | كِتَابٌ مَّرْقُومٌ ۝<br>ယင်းသည် ရေး–ချုပ်ထားသော မှတ်တမ်းဖြစ်၏။ |
| ၂၁။ | يَشْهَدُهُ الْمُقَرَّبُونَ ۝<br>သူတို့သည် အပါးတော်သို့ ချည်းကပ်၍၊ ယင်းကို သက်သေတည်ကြ၏။ |
| ၂၂။ | إِنَّ الْأَبْرَارَ لَفِي نَعِيمٍ ۝<br>သူတော်စင်တို့အား ဂုဏ်ရှိခြင်း၌ ရှိစေ၍– |

---

(၁၃၃၉) **အီလ္လီယင်** ကိုလည်း ဆရာတော် အများစုက **ဆိဂ်ျဂျင်** ကဲ့သို့ပင် ကိုယ်ပိုင်နာမ်ဟု ယူဆ၍– ဂုဏ်သိက္ခာမြင့်မားရာ နေရာဟု သတ်မှတ်ကြပေသည်။ သို့သော် အာ့ဇ်ဟာရီနှင့် ကာမာ့ဇ်ကျမ်းများတွင် **အီလ္လီယင်** သည် အမြင့်၊ မြင့်မြတ်သောဟု အနက်ကိုပေးသည့် **အ–လာယ်** မှ ဆင့်ပွားလာခြင်း ဖြစ်သည်ဟု ဖွင့်ဆိုရေးသားထားပေသည်။ ထိုအချက်ကို သုတ်တော် ၂၃ ပါ နေရာမြင့်ပေါ်မှ ရှုစားစေလတ္တံ့ဟူသည့် အဆိုက ထောက်ခံလျက် ရှိပေသည်။ ထိုအမြင့်ဆုံး ဆိုသည်မှာလည်း ကျင့်ဆောင်မှုမှတ်တမ်းပင် ဖြစ်ကြောင်း သုတ်တော် ၂၀ တွင် ဖေါ်ပြထားပေသည်။

| | |
|---|---|
| ၂၃။ | عَلَى الْأَرَائِكِ يَنظُرُونَ۝<br>နေရာမြင့်ပေါ်မှ ရှုစားစေလတ္တံ့။ |
| ၂၄။ | تَعْرِفُ فِي وُجُوهِهِمْ نَضْرَةَ النَّعِيمِ۝<br>သူတို့၏ မျက်နှာများသည် ဂုဏ်ရောင် တောက်ပနေသည်ကို သင် အမှတ်ရစေလတ္တံ့။ |
| ၂၅။ | يُسْقَوْنَ مِن رَّحِيقٍ مَّخْتُومٍ۝<br>သူတို့အား တံဆိပ်နှိပ်ထားသည့် ရေသန့်ဖြင့် တိုက်ကျွေးလတ္တံ့။ |
| ၂၆။ | خِتَامُهُ مِسْكٌ وَفِي ذَٰلِكَ فَلْيَتَنَافَسِ الْمُتَنَافِسُونَ۝<br>ယင်းမှ တံဆိပ်မှာ ကတိုး ဖြစ်၏။ သို့ဖြစ်၍ ဝီရိယရှိသူတို့အား ဝီရိယထုတ်စေလော့။ |
| ၂၇။ | وَمِزَاجُهُ مِن تَسْنِيمٍ۝<br>ယင်းကို ပေါင်းခံရည်ဖြင့်[၁၁၄၀] ဖျော်စပ်ထား၏။ |
| ၂၈။ | عَيْنًا يَشْرَبُ بِهَا الْمُقَرَّبُونَ۝<br>ယင်းသည် အပါးတော်မြဲများ သောက်သုံးသည့် စိမ့်စမ်းမှ ဖြစ်၏။ |
| ၂၉။ | إِنَّ الَّذِينَ أَجْرَمُوا كَانُواْ مِنَ الَّذِينَ آمَنُوا يَضْحَكُونَ۝<br>ဧကန်ပင် ရာဇဝတ်မှုကျူးသော သူတို့သည် ယုံကြည်သောသူတို့အား လှောင်ရယ်ခဲ့ကြကုန်၏။ |
| ၃၀။ | وَإِذَا مَرُّواْ بِهِمْ يَتَغَامَزُونَ۝<br>၎င်းတို့သည် သူတို့မှဖြတ်သွားကြစဉ်– အချင်းချင်း မျက်စပစ်ပြကြ၏။[၁၁၄၁] |
| ၃၁။ | وَإِذَا انقَلَبُواْ إِلَى أَهْلِهِمُ انقَلَبُواْ فَكِهِينَ۝<br>၎င်းတို့သည် ၎င်းတို့၏ ဝိုင်းသားများထံသို့ ပြန်သောအခါ၊ ရယ်မောပျော်ပါးလျှက် ပြန်ကြကုန်၏။ |
| ၃၂။<br>ယုံကြည်သူတို့ | وَإِذَا رَأَوْهُمْ قَالُوا إِنَّ هَؤُلَاء لَضَالُّونَ۝<br>၎င်းတို့က **သူတို့**ကို မြင်တွေ့သော် "ဧကန်ပင် ထိုသူတို့သည် အပါယ်လမ်း၌ ရှိသည်၊"ဟု ပြောကြ၏။ |
| ၃၃။<br>ယုံကြည်သူတို့ | وَمَا أُرْسِلُوا عَلَيْهِمْ حَافِظِينَ۝<br>၎င်းတို့အား **သူတို့**အပေါ်၌ ထိန်းသိမ်းစောင့်ရှောက်သူများ အဖြစ် စေစားထားသည် မဟုတ်ချေ။ |
| ၃၄။ | فَالْيَوْمَ الَّذِينَ آمَنُواْ مِنَ الْكُفَّارِ يَضْحَكُونَ۝<br>သို့ဖြင့် ယနေ့မူကား ယုံကြည်သော သူတို့သည် ဖုံးကွယ်သူများထက် ရယ်မောနိုင်ကြပြီ။[၁၁၄၂] |
| ၃၅။ | عَلَى الْأَرَائِكِ يَنظُرُونَ۝ |

(၁၁၄၀) **တက်စ်နီးမ်** ဆိုသည်မှာလည်း ကိုယ်ပိုင်နာမ်ပင် ဖြစ်သည်။ သို့သော် **E.W Lane** အင်္ဂလိပ် အင်္ဂလိပ် ဝေါဟာရကျမ်းတွင်– သူတို့အပေါ် သို့ အပေါ်မှ ကျလာသော ရေ ဟု ဖွင့်ဆိုထားပါသည်။ သို့ဖြစ်၍ အပေါ်မှကျလာသော ရေ ကို ပေါင်းခံ၍ အငွေ့ပျံကာ ကျလာသော ပိုးမွှား ကင်းသန့်ပြီးရေ ဟု အနက်ကိုဆောင်သော ပေါင်းခံရည် ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။
(၁၁၄၁) ရာဇဝတ်ကောင်များသည်– ယုံကြည်သူတို့ရှေ့မှ ဖြတ်သွားကြလျှင်– သူတို့ရာဇဝတ်ကောင်အချင်းချင်း မျက်စပစ်ပြကြလေ့ ရှိသည်။
(၁၁၄၂) အခွင့်အရေးသာ၍ လက်စားချေ ရယ်မောပြောင်လှောင်ခြင်း မဟုတ်ချေ။ သူတို့၏ ကျင့်ကြံခဲ့သော အကျိုးဆက်သည် ကုသိုလ်ကောင်းမှု ဖြစ်သောကြောင့် ထိုအကျိုးဆက်ကို ခံစားရသဖြင့် သူတို့၏ မျက်နှာများ ရွှင်လန်းတောက်ပ ရယ်မောနိုင်ခြင်းကို ဆိုလိုပေသည်။ (၈၀း၃၈၊၃၉)

| | |
|---|---|
| | သူတို့အား နေရာမြင့်ပေါ်မှ ရှုစားစေလတ္တံ့။ |
| ၃၆။ | **هَلْ ثُوِّبَ الْكُفَّارُ مَا كَانُوا يَفْعَلُونَ۞**<br>ဖုံးကွယ်သူတို့၏ ကုသိုလ်ဆက်မှာကား သူတို့ကျင့်ကြံခဲ့သော အရာပင် မဟုတ်လော။ |